British Embassy
Rangoon

**သတင်းထုတ်ပြန်ချက်**

---

# နေပြည်တော်၊ မြစ်ကြီးနားနှင့် ရန်ကုန်မြို့တို့သို့ ဇန်နဝါရီ ၂၈ မှ ၃၀အတွင်း ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးရုံး အာရှရေးရာ ဝန်ကြီး သွားရောက်ခြင်း

ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးရုံး အာရှရေးရာ ဝန်ကြီး ဟျူးဂို ဆွိုင်ယာသည် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ သုံးရက်ကြာ ခရီးစဉ်အဖြစ် ရောက်ရှိလာပါလိမ့်မည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ရောက်ရှိလာခဲ့ပြီးနောက် ယခုအကြိမ်မှာ သူ၏ ဒုတိယအကြိမ်မြောက် ခရီးစဉ်ဖြစ်ပါသည်။

ဇန်နဝါရီလ ၂၈ ရက်နေ့တွင် နေပြည်တော်၌ မစ္စတာ ဆွိုင်ယာသည် ပြည်ထောင်စုအစိုးရ ဝန်ကြီးများ၊ (ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်)၊ ပြည်ထောင်စုလွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်း၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံလိမ့်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဆောင်ရွက်ဆဲ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို သူက ကြိုဆိုမည်ဖြစ်သလို ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများ တရားမျှတပြီး အများယုံကြည်လက်ခံနိုင်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှုများ အရေးကြီးပုံကို အလေးထား သွားမည်ဖြစ်ပါသည်။ ထို့အပြင် ရခိုင်ပြည်နယ်၌ နောက်ဆုံးဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့် စပ်လျဉ်းပြီး အလေးအနက် စိုးရိမ်ကင်းဖြစ်ရကြောင်းကိုလည်း ပြောဆိုသွားမည်ဖြစ်ပါသည်။

ဇန်နဝါရီလ ၂၉ ရက်နေ့တွင် မစ္စတာဆွိုင်ယာသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ သွားရောက်မည်ဖြစ်ပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ဆွေးနွေးရန် ပြည်နယ်အစိုးရဝန်ကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကချင် လွတ်မြောက်ရေးအဖွဲ့၊ ရှမ်းတိုင်းရင်းသား အဖွဲ့အစည်းများ၊ ဘာသာရေး ခေါင်းဆောင်များနှင့် တွေ့ဆုံမည်ဖြစ်ပါသည်။ ဗြိတိန်နိုင်ငံ အစိုးရက လူသားချင်း စာနာထောက်ထားမှု အကူအညီများကို ဘဏ္ဍာငွေ ထောက်ပံ့လျက်ရှိသော မြစ်ကြီးနားမြို့ပြင်ပရှိ အိုးပစ်အိမ်ပစ်ထွက်ခွာသွားရသူများ နေထိုင်ရာ စခန်းများ ဆီသို့လည်း သွားရောက်မည်ဖြစ်ပါသည်။

ဇန်နဝါရီ ၃၀ ရက်နေ့တွင် မစ္စတာဆွိုင်ယာသည် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဗြိတိန်၊ မြန်မာနိုင်ငံတို့နှင့် စပ်လျဉ်းသည့် အဓိက မိန့်ခွန်းတစ်ရပ်ကို ပြောကြားပါလိမ့်မည်။ ထိုနေ့မနက် စောစောပိုင်းတွင် ရခိုင်ပြည်နယ်မှ အခြေအနေများနှင့် စပ်လျဉ်းပြီး နှစ်ဖက်စလုံးမှ ခေါင်းဆောင်များနှင့် ဆွေးနွေးဦးမည်ဖြစ်သလို ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီးသို့ သွားရောက်ပြီးနောက်တွင်လည်း ဗြိတိသျှ စီးပွားရေးလုပ်ငန်းများနှင့် တွေ့ဆုံပါလိမ့်မည်။

အရှေ့တောင်အာရှသို့ လာရောက်သော ငါးရက်တာ ခရီးစဉ်တွင် မြန်မာနိုင်ငံသည် မစ္စတာ ဆွိုင်ယာ၏ ပထမဆုံး ခရီးတစ်ထောက်ဖြစ်ပါသည်။

**စာတည်းများ သိသာရန်**
မစ္စတာ ဆွိုင်ယာသည် ဇန်နဝါရီလ ၃၀ ရက်၊ ကြာသပတေးနေ့တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် မိန့်ခွန်းပြောကြားမည်ဖြစ်ပါသည်။ တက်ရောက်ရန် စိတ်ပါဝင်စားသည့် မီဒီယာများအနေဖြင့် ဖုန်းအမှတ် + ၉၅ ၁ ၃၇၀ ၈၆၃၊ ၃၇၀ ၈၆၄၊ ၃၇၀ ၈၆၅၊ လိုင်းခွဲ ၂၂၅၄ မှတစ်ဆင့်ဖြစ်စေ၊ Moe.KyiPhyu@fco.gov.uk မှတစ်ဆင့်ဖြစ်စေ ဒေါ်မိုးကြည်ဖြူထံ ဆက်သွယ်နိုင်ကြပါသည်။

အခြား စုံစမ်းမေးမြန်းလိုသော ကိစ္စအဝဝအတွက် ၀၁ ၃၇၀ ၈၆၃ မှတစ်ဆင့် ဒေါ်မိုးကြည်ဖြူထံသို့ဖြစ်စေ၊ ၀၉ ၅၁ ၅၁ ၄၅ ၂ မှတစ်ဆင့် မစ္စတာ ဂျိုး ဖှစ်ရှာထံသို့ ဖြစ်စေ ဆက်သွယ်နိုင်ကြပါသည်။